ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အစီအစဉ်ဆိုင်ရာသိကောင်းစရာ

(Authorized Economic Operators)


**အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစု**

**(AEO Section)**

အမှတ်-၂၀၅/၂၁၁၊ပထမထပ်၊
၅၀ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

myanmaraeo@gmail.com


## အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ

ကမ္ဘာ့အကောက်ခွန်အဖွဲ့မှထုတ်ပြန်ထားသော စံနှုန်းများအား လိုက်နာကြောင်း သက်ဆိုင်ရာနိုင်ငံ အလိုက် အကောက်ခွန် အဖွဲ့အစည်းမှ အသိအမှတ်ပြုထားသည့် ကုန်သွယ်မှုတွင် ပါဝင်သည့် အဖွဲ့အစည်း (သို့မဟုတ်) ကုမ္ပဏီကို ဆိုလိုတာဖြစ်ပါ တယ်။

## နောက်ခံသမိုင်း

၂၀၀၁ ခုနှစ် World Trade Centre Tower တိုက်ခိုက်ခံရပြီး နောက်ပိုင်း အမေရိကန် နိုင်ငံ အကောက်ခွန်နှင့် နယ်စပ်ကာကွယ်ရေး အေဂျင်စီမှ လုံခြုံမှုအတွက် အကောက်ခွန်နှင့် ကုန်သည်များ လက်တွဲ ဆောင်ရွက်မှု (Customs-Trade Partnership Against Terrorism CT-PAT) အစီအစဉ်အရ စတင်ပေါ်ပေါက်လာခဲ့ပါတယ်။

ကမ္ဘာ့အကောက်ခွန်အဖွဲ့ (WCO) မှ ကမ္ဘာ့ကုန်သွယ်မှု ချောမွေ့စေရေး နှင့် လုံခြုံမှု ရှိစေရန်တို့အတွက် လုံခြုံမှု မူဘောင် (Safe Framework of Standard) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်။

## စံသတ်မှတ်ချက်များ

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မှ သတ်မှတ်ထားသော ကုမ္ပဏီမှတ်ပုံတင်ခြင်း ဆိုင်ရာ ကိစ္စရပ်များ၊ လုပ်ငန်းလုပ်ကိုင်ခွင့် (သို့မဟုတ်) လိုင်စင်ဆိုင်ရာ ကိစ္စရပ်များ အတွက် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိရမည်။

(ခ) မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံတင် ခွင့်ပြုသည့် နေ့ရက်မှ အခွင့်ရစီးပွားရေး လုပ်ငန်းဆောင်ရွက်သူအဖြစ် စတင်လျှောက်ထားသည့်နေ့ရက်အထိ ကာလသည် အနည်းဆုံး သုံးနှစ်ရှိရမည်။

(ဂ) အကောက်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို အမြဲ လိုက်နာသူ ဖြစ်ရမည်၊

(ဃ) ကုမ္ပဏီ၏ တရားဝင်ဘဏ္ဍာရေးရှင်းတမ်း အမှန်နှင့် အစီရင်ခံစာများကို ကုမ္ပဏီစတင် တည်ထောင်သည့် အချိန်မှစ၍ နှစ်စဉ် ထုတ်ပြန်ထားရမည်။

(င) လုပ်ငန်းနှင့်ပတ်သက်၍ စာရင်းဇယားအချက် အလက်များ၊ ငွေစာရင်းဆိုင်ရာ အချက် အလက်များကို ခုနစ်နှစ်အထိ ထိန်းသိမ်းထား နိုင်ရမည်။

(စ) ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာ မှတ်တမ်း အချက်အလက်များ ၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့် အကောက်ခွန်ဝန်ဆောင်မှု ကိုယ်စားလှယ် နှင့် ပတ်သက် သည့် ကိစ္စရပ်များတို့အား မှတ်တမ်း ထိန်းသိမ်းရာ တွင် အကောက်ခွန်ဦးစီးဌာနမှ လက်ခံနိုင်သော ထိန်းသိမ်းမှု စနစ်ကောင်း ရှိရမည့်အပြင် အဖွဲ့အစည်း အတွင်း ကောင်းမွန်သော ထိန်းချုပ်မှုရှိ ရမည်။

(ဆ) အကောက်ခွန်ဦးစီးဌာနက စည်းကြပ်ကောက်ခံသည့် အခွန်အခ အရပ်ရပ်နှင့် နိုင်ငံတော်သို့ ပေးဆောင်ရန် တာဝန်ရှိသည့် အခြားအခွန်အခများကို အချိန်နှင့်တစ်ပြေးညီ ပေးဆောင်ထားရမည်၊

(ဇ) ငွေကြေးဆိုင်ရာတောင့်တင်းခိုင်မာမှု ရှိရမည်။

(ဈ) အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ် လျှောက်ထားခြင်းမပြုမီ သုံးနှစ်အတွင်းနှင့် အသိအမှတ်ပြုလက်မှတ်မထုတ်ပေးမီကာလအတွင်း အကောက်ခွန်ဆိုင်ရာဥပဒေနှင့် ဆက်စပ်ဥပဒေများအရ ပြစ်မှု၊ ပြစ်ဒဏ်ကျခံရမှု မရှိခြင်း၊ အမည်ပျက် (black list) စာရင်းသွင်းခံရမှုမရှိခြင်း၊ ကုန်ပစ္စည်း တင်သွင်း၊ တင်ပို့သည့် လုပ်ငန်း စဉ်များကို မှန်ကန်စွာ ကြေညာခြင်း၊ စီးပွားရေးဆိုင်ရာမသမာမှု ကျော်ဇော သတင်းမရှိခြင်းစသည့် အချက်များနှင့် ပြည့်စုံရမည်၊

(ည) လိုအပ်သည့်အချိန်တွင် ကြည့်ရှုစစ်ဆေးရန် ကြိုတင်အကြောင်းကြားလာပါက မည့်သည့်နေရာကိုမဆို စစ်ဆေးခံနိုင်ရမည်။

## အကျိုးကျေးဇူးများ

(က) အကောက်ခွန်ကြေညာလွှာများ ကို ဦးစားပေး အဆင့်အတန်းဖြင့် သတ်မှတ်ဆောင်ရွက်ခွင့် ရရှိခြင်း၊

(ခ) ကုန်ပစ္စည်း မရောက်ရှိမီ သွင်းကုန်၊ ထုတ်ကုန် ကြေညာလွှာများကို ကြိုတင်တင်သွင်းခွင့်ရရှိ ခြင်း၊

(ဂ) တရားမဝင် တင်သွင်းခြင်း သို့မဟုတ် တင်ပို့ ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေး၊ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များအတွက် အကျုံးဝင်သည့် ဆုံးရှုံးမှုအလားအလာရှိသော ကိစ္စ ရပ်များမှအပ စာရွက်စာတမ်းစစ်ဆေး ခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား စစ်ဆေး ခြင်းများ မပြုလုပ်ဘဲ အကောက်ခွန် လုပ်ငန်းဆိုင်ရာ ရှင်းလင်းမှု များရရှိခြင်း၊

(ဃ) စစ်ဆေးရန် လိုအပ်သည့် ကိစ္စရပ်များတွင် ဦးစာပေး စစ်ဆေးခွင့် ရရှိခြင်း၊

(င) တင်သွင်း၊ တင်ပို့သူ၏ ပရိဝုဏ် သို့မဟုတ် အကောက်ခွန်ဦးစီးဌာနမှ ခွင့်ပြုသော အခြား နေရာများတွင် ကုန်စည်များနှင့် သက်ဆိုင် သည့် အကောက်ခွန်ဝန်ဆောင် မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခြင်း၊

(စ) ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တစ် လအတွင်း ဆိုင်းငံ့အခွန်ငွေပေးချေခြင်းစနစ် (Deferred Duty Payment System) ဖြင့် ဆောင်ရွက်ခွင့် ရရှိခြင်း၊

(ဆ) အကောက်ခွန်ဦးစီးဌာန၏အသိအမှတ်ပြုလက်မှတ် ချီးမြှင့်ခံရခြင်း နှင့် အသိအမှတ်ပြုတံဆိပ် (Logo) ကို သတ်မှတ်ချက်များ နှင့်အညီ တပ်ဆင်ဆောင်ရွက်ခွင့်ရရှိ ခြင်း။

(ဇ) အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ များ ဌာနစုကို မေးမြန်းနိုင်ခြင်း။

## စောင့်ကြည့်အကဲဖြတ်ခြင်း

အကောက်ခွန်ဦးစီးဌာန သည် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အဖြစ် အသိအမှတ်ပြုခံရ သူကို အောက်ပါ ဆောင်ရွက်ချက်များဖြင့် စောင့် ကြည့်အကဲဖြတ်ပါတယ်-

(က) ပရဝုဏ်အတွင်းသို့ဝင်ရောက်စစ်ဆေးခြင်း

(ခ) စာရင်းအင်းဆိုင်ရာ ထိန်းသိမ်းရေးစနစ် ကို စစ်ဆေးခြင်း

(ဂ) ကုမ္ပဏီအတွင်း ထိန်းချုပ်မှုစနစ်ကို စစ်ဆေးခြင်း

(ဃ) အကောက်ခွန်ဦးစီးဌာန၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်ပြင်ဆင်ရမည့် လုပ်ဆောင်ချက်များ ကို စစ်ဆေးခြင်း

(င) ပုံမှန် နှောင်းစာရင်းစစ်ဆေးခြင်း (အကောက်ခွန်ဦးစီးဌာန၊ နှောင်းစာရင်းစစ်ဆေးခြင်း နှင့် ကုန်သွယ်မှု ဆိုင်ရာ လုပ်ထုံးလုပ်နည်းဌာနခွဲ PCA မှ စာရင်းစစ်ဆေးခြင်း)

(စ) အခြားရရှိနိုင်မည့် သတင်းအချက်အလက်များကို ရယူစစ်ဆေးခြင်း




## ဘယ်လိုလျှောက်ရမှာလဲ?

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (Importer/Exporter) အဖြစ် လျှောက်ထားလိုသူသည် လျှောက်လွှာ ပုံစံကို အကောက်ခွန်ဦးစီးဌာန၊ နှောင်းစာရင်းစစ်ဆေးခြင်းနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဌာနခွဲ၊ AEO ဌာနစုတွင် လာရောက် ၍ ထုတ်ယူနိုင်ပါတယ်။

အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအဖြစ်လျှောက်ထားလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစုသို့ လူကိုယ်တိုင်ဖြစ်စေ၊ ၊Email ဖြင့်ဖြစ်စေ လျှောက်ထား နိုင်ပါတယ်။

## လုပ်ငန်းစဉ်များ

- ✓ လျှောက်လွှာလက်ခံခြင်းနှင့်စိစစ်ခြင်း
- ✓ အကြိုသွားရောက်စစ်ဆေးခြင်း၊ ငြင်းပယ် ခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း
- ✓ AEO အဖြစ် အသိအမှတ်ပြုခြင်း
- ✓ စောင့်ကြည့်အကဲဖြတ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းနှင့် ထပ်မံလျှောက်ထားခြင်း